

## ဘာသာပြန်သူရဲ့ အမှာစာ

အောင်မြင်တဲ့ လူတွေရဲ့ ဘဝမှာ စိန်ခေါ်မှုတွေ၊ ပြဿနာတွေကို ကျော်ဖြတ်လာကြရပါတယ်။ ထိုအရာတွေ မကျော်ဖြတ်နိုင်သရွေ့ အောင်မြင်မှုဆိုတာ အလှမ်းဝေးနေဦးမှာ ဖြစ်တယ်။ ပြဿနာဆိုတာနဲ့ လူအတော်များများ တုန်လှုပ်သွားတတ်လေ့ရှိပြီး ဘယ်လို ကျော်ဖြတ်ရမလဲ၊ ဘယ်လို ဖြေရှင်းမလဲဆိုတဲ့ မေးခွန်းများနဲ့ပဲ ရှေ့မဆက်နိုင် ဖြစ်ကြတာက များပါတယ်။ တကယ်တော့ ပြဿနာရှိရင် ဖြေရှင်းနည်းများလည်း ရှိပါတယ်။ ပြဿနာဖြေရှင်းနိုင်တဲ့ နည်းလမ်းများဟာ သင့်ဘဝအိပ်မက်နဲ့ အောင်မြင်မှုပန်းတိုင်ကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ရန် ပေါင်းကူးပေးတဲ့ တံတားတစ်စင်း သဖွယ်ပင် ဖြစ်ပါတယ်။

ယခုစာအုပ်ငယ်က မိမိတို့ရဲ့ အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းရာမှာ ကြုံတွေ့ရမယ့် ပြဿနာများကို ဖြေရှင်းနိုင်ဖို့ ရိုးရှင်းတဲ့ နည်းလမ်း ဥပမာများစွာနှင့် လမ်းညွှန်ပေးထားတဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။

ယခုစာအုပ်ကို ရေးသားသူမှာ ဂျပန်နိုင်ငံသား စာရေးဆရာ Ken Watanabe ဖြစ်ပြီး သူဟာ ဂျပန်နိုင်ငံအစိုးရရဲ့ အလွတ်ကျက်မှတ်တဲ့ ပညာရေးမှ ပြဿနာဖြေရှင်းမှုကို အာရုံစူးစိုက်တဲ့ ပညာရေးသို့ ပြောင်းလဲရန် ကြိုးပမ်းမှုအတွက် သင်ရိုးညွှန်းတမ်းထုတ်ပြီး ရေးသားခဲ့ခြင်း ဖြစ်ပါတယ်။ ဂျပန်လူငယ်များကို ပြဿနာတစ်ရပ် ဘယ်လိုဖြေရှင်းသလဲ တွေးတတ်အောင်၊ ပညာရေးတွင် တက်ကြွစွာ လုပ်ဆောင်နိုင်အောင်၊ မိမိတို့ဘဝကို ကောင်းမွန်စွာ ပုံဖော်ထုဆစ်နိုင်အောင် စတဲ့ ရည်ရွယ်ချက်များနဲ့ ရေးသားထုတ်ဝေခဲ့ပါတယ်။ ယခုစာအုပ်က ဂျပန်နိုင်ငံရဲ့ ပညာရေးစနစ်ကို ပြောင်းလဲနိုင်ခြင်း၊ စာရေးဆရာရဲ့ ရည်ရွယ်ချက်ရောက်အောင် ပြီးမြောက်စေခဲ့ခြင်းများအပြင် ကျောင်းသားမိဘများ၊ ဆရာများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ကုမ္ပဏီ CEO များ စတဲ့ လူတိုင်းလူတိုင်းအတွက် လက်စွဲစာအုပ်တစ်အုပ် ဖြစ်ခဲ့တဲ့အထိ ဂျပန်နိုင်ငံမှာ အောင်မြင်မှု ရရှိခဲ့ပါတယ်။

ထိုသို့ အောင်မြင်မှုများကြောင့် အမေရိကန်နိုင်ငံမှာ အင်္ဂလိပ်ဘာသာဖြင့် ပြဿနာဖြေရှင်းခြင်း နည်းလမ်းကောင်းများကို မျှဝေပေးခဲ့သလို ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံတို့မှာလည်း ၎င်းတို့နိုင်ငံများအတွက် ဘာသာပြန်ထုတ်ဝေခဲ့ရတဲ့ စာအုပ်တစ်အုပ်လည်း ဖြစ်ပါတယ်။

ဤစာအုပ်ရဲ့ အနှစ်ချုပ်ကို တင်ပြရမယ် ဆိုရင် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တွေ့ရလေ့ရှိတဲ့ စိတ်အားငယ်သူ၊ ဝေဖန်တတ်သူ၊ စိတ်ကူးယဉ်သူ၊ စိတ်မြန်သူနှင့် ပြဿနာဖြေရှင်းသူ စတဲ့ လူငယ်များရဲ့အကြောင်းကို ဦးစွာ မိတ်ဆက် ဖော်ပြထားပါတယ်။

ပြီးတော့ ပရိသတ် နည်းပါးမှု ပြဿနာတွေရှိနေတဲ့ လူငယ်တေးဂီတအဖွဲ့၊ ဂရပ်ဖစ် ကာတွန်းဆရာ ဖြစ်ချင်လို့ ကွန်ပျူတာဝယ်ရန် လိုအပ်နေတဲ့ လူငယ်လေးနဲ့ ဘရာဇီးရှိ အကောင်းဆုံး လေ့ကျင့်ရေးကျောင်း ရှာဖွေနေတဲ့ လူငယ်ဘောလုံးသမားတို့ရဲ့ ရည်ရွယ်ချက်တွေ ပြည့်မြောက်ဖို့အတွက် ပြဿနာတွေကို ဘယ်လိုကျော်လွှားကြသလဲ ဆိုတာ ရိုးရှင်းတဲ့ နည်းလမ်းများ အဆင့်ဆင့်နဲ့ ဥပမာပေး ဖြေရှင်းဖော်ပြထားပါတယ်။

ဤစာအုပ်ငယ်မှာ နှစ်သက်သဘောကျစရာ အကြောင်းအရာများစွာထဲမှ အကြောင်းအရာတစ်ခုကို ထုတ်နုတ် ဖော်ပြချင်ပါတယ်။ ဒါကတော့ ကျွန်တော်တို့နိုင်ငံမှာ သုတေသန ဆိုတဲ့စကားကြားရင် သာမန်လူများနှင့် မဆိုင်ဘဲ ပညာတတ်များကိုသာ ပြေးမြင်မိလေ့ ရှိကြတယ်။ တကယ်တော့ လူတိုင်းလူတိုင်းအတွက် သုတေသနပုံစံနဲ့ ပြဿနာများစွာကို ဖြေရှင်းနိုင်ကြောင်း ယခုစာအုပ်မှာ ကွက်ကွက်ကွင်းကွင်း ရှင်းလင်းဖော်ပြထားတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ယခုစာအုပ်ငယ်က ပြဿနာများစွာကို ရိုးရှင်းတဲ့ သုတေသနပုံစံနဲ့ တစ်ဆင့်ချင်း ဖြတ်ကျော်နိုင်အောင် လမ်းညွှန်ပေးတဲ့ စာအုပ်ဖြစ်ကြောင်း သတင်းစကားပါးလိုပြီး စာချစ်သူများလည်း ဒီစာအုပ်ထဲက နည်းလမ်းများနဲ့ ဘဝရဲ့ ပြဿနာများစွာကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ကာ မိမိတို့ရဲ့ပန်းတိုင်ကို ဖြောင့်တန်းစွာ ရောက်ရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်း ပြုအပ်ပါတယ်။

**(ဘာသာပြန်သူ)**

